# လမ်းမကြီးများဥပဒေကို ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း

## လမ်းမကြီးများဥပဒေကို ပြင်ဆင်သည့် ဥပဒေ
## (၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၃ ။)
## ၁၃၇၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၃ ရက်
## (၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို လမ်းမကြီးများဥပဒေကို ပြင်ဆင်သည့်ဥပဒေ ဟု ခေါ်တွင်စေရမည်။

၂။ လမ်းမကြီးများဥပဒေတွင် -

(က) ပုဒ်မ ၂၊ ပုဒ်မခွဲ (က) ၌ ပါရှိသော "ဆောက်လုပ်ရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်ထားသည့် လမ်းမကြီးကို ဆိုသည်။" ဆိုသည့် စကားရပ်ကို "ဆောက်လုပ်ရေးဝန်ကြီးဌာနက လမ်းမကြီးအဖြစ် အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်ထားသည့် လမ်းအားလုံးကို ဆိုသည်။" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မ ၃၊ ပုဒ်မခွဲ (က) နှင့် ပုဒ်မ ၆ တို့၌ ပါရှိသော "ပြည်နယ်နှင့်တိုင်း" ဆိုသည့် စကားရပ်ကို "တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၃။ လမ်းမကြီးများဥပဒေပုဒ်မ ၇ ကို အောက်ပါအတိုင်းအစားထိုးရမည်-

"၇။ မည်သူမဆို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ ခွင့်ပြုချက်မရှိဘဲ အောက်ပါပြစ်မှု တစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်ငါးသောင်းမှ အများဆုံး ကျပ်တစ်သိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည် -

(က) လမ်းမကြီးကို ဖြတ်သန်း၍ တစ်စုံတစ်ရာ ဖောက်လုပ်ခြင်း သို့မဟုတ် ဆောက်လုပ်ခြင်း၊

(ခ) လမ်းမကြီး၏ နယ်နိမိတ်အတွင်း ကန်တူးဖော်ခြင်း သို့မဟုတ် မြေတူးယူခြင်း၊

၇-က။ မည်သူမဆို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ ခွင့်ပြုချက်မရှိဘဲ လမ်းမကြီး၏ နယ်နိမိတ်အတွင်း အဆောက်အအုံဆောက်လုပ်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်ငါးသိန်းအထိ ငွေဒဏ်ချမှတ်ရမည်။

၇-ခ။ မည်သူမဆို ပုဒ်မ ၇-က ပါ ပြစ်မှုကို ထပ်မံကျူးလွန်ပါက ထိုသူကို တစ်နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်တစ်ဆယ်သိန်းအထိ ငွေဒဏ်ချမှတ်ရမည်။"

၄။ လမ်းမကြီးများဥပဒေတွင် -

(က) ပုဒ်မ ၈ ၌ ပါရှိသော "ငွေဒဏ်ဖြစ်စေ" ဆိုသည့် စကားရပ်၏ ရှေ့တွင် "အနည်းဆုံး ကျပ်ငါးသောင်းမှ အများဆုံး ကျပ်ငါးသိန်းအထိ" ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

(ခ) ပုဒ်မ ၈၊ ပုဒ်မခွဲ(ဃ)၏ နောက်တွင် ပုဒ်မခွဲ (င)၊ (စ) နှင့် (ဆ) တို့ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(င) လမ်းမကြီးနယ်နိမိတ်အတွင်း ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ ခွင့်ပြုချက် မရှိဘဲ လမ်း၊ တံတားနှင့်မြေပြင်အနေအထားကို ပျက်စီးစေရန် ပြုလုပ်ခြင်း၊

(စ) လမ်းမကြီး၏ နယ်နိမိတ်အတွင်း ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ ခွင့်ပြုချက်မရှိဘဲ ကြော်ငြာဆိုင်းဘုတ်စိုက်ထူခြင်း၊

(ဆ) လမ်းမကြီး နယ်နိမိတ်အတွင်း ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ ခွင့်ပြုချက်မရှိဘဲ လမ်းဘေးစားသောက်ဆိုင်များ၊ ဈေးဆိုင်များ ဆောက်လုပ်တည်ခင်းရောင်းချခြင်း။"

၅။ လမ်းမကြီးများဥပဒေတွင် -

(က) ပုဒ်မ ၉ ၌ ပါရှိသော "ထောင်ဒဏ် ၃ လ အထိ ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ" ဆိုသည့် စကားရပ်ကို "သုံးလအထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်တစ်သောင်းမှ အများဆုံး ကျပ်တစ်သိန်းအထိ ငွေဒဏ် ဖြစ်စေ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မ ၉၊ ပုဒ်မခွဲ (ဃ) ကို ပယ်ဖျက်ရမည်။

၆။ လမ်းမကြီးများဥပဒေ ပုဒ်မ ၉ ၏ နောက်တွင် ပုဒ်မ ၉-က နှင့် ပုဒ်မ ၉-ခ တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"၉-က။ မည်သူမဆို မိမိ၏ပြုလုပ်မှုကြောင့် လမ်းမကြီးတွင် ထိခိုက်ပျက်စီးဆုံးရှုံးမှု တစ်စုံတစ်ရာပေါ်ပေါက်ပါက ယင်းထိခိုက်ပျက်စီးဆုံးရှုံးမှုအတွက် နစ်နာကြေး သို့မဟုတ် လျော်ကြေးကို ဝန်ကြီးဌာနသို့ ပေးလျော်ရန်တာဝန်ရှိသည်။

၉-ခ။ ဝန်ကြီးဌာနသည် တစ်ဦးတစ်ယောက်ကြောင့် လမ်းမကြီးတွင် ထိခိုက်ပျက်စီးဆုံးရှုံးမှု တစ်စုံတစ်ရာ ပေါ်ပေါက်ပါက ယင်းထိခိုက်ပျက်စီးဆုံးရှုံးမှုအတွက် နစ်နာကြေး သို့မဟုတ် လျော်ကြေးကို သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ တွက်ချက်၍ သက်ဆိုင်ရာ တရားရုံးတွင် တရားစွဲဆိုတောင်းခံနိုင်သည်။"

၇။ လမ်းမကြီးများဥပဒေ ပုဒ်မ ၁၀ ၏ နောက်တွင် ပုဒ်မ ၁၀-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"၁၀-က။ ဆောက်လုပ်ရေးဝန်ကြီးဌာနသည် မြို့ရွာများကို ဖြတ်သန်းဖောက်လုပ်သည့် သို့မဟုတ် ပြုပြင်မွမ်းမံသည့် လမ်းမကြီးများ၏ နယ်နိမိတ်ကို သတ်မှတ်ရာ၌ မြို့တွင်း၊ ရွာတွင်း လူနေအိမ်အဆောက်အအုံများ၏ တည်ရှိမှုအခြေအနေ၊ တည်ဆောက်ပြီးစီးခဲ့သည့် အချိန်ကာလ၊ မြို့ပြဖွံ့ဖြိုးမှုအခြေအနေ၊ အခြားတည်ဆဲ မြို့ပြဆိုင်ရာ ဥပဒေများ၏ အကျိုးသက်ရောက်မှုတို့ကိုပါ ထည့်သွင်းစဉ်းစား၍ သတ်မှတ်ရမည်။"

၈။ လမ်းမကြီးများဥပဒေ ပုဒ်မ ၁၃ ကို အောက်ပါအတိုင်းအစားထိုးရမည်-

"၁၃။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ဆောက်လုပ်ရေးဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဆောက်လုပ်ရေးဝန်ကြီးဌာနသည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့်လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဂ) ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းသည် လိုအပ်သော အမိန့်နှင့်ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**